ရန်အောင်စာပေ(၂)

ရန်အောင်

# ချမ်းသာရေးနည်းပြ



## ထုတ်ဝေသူ၏ အမှာ

လွတ်လပ်သော မြန်မာပြည်ဖြစ်သည့်အလျောက် အမျိုးသားတို့ ၏ ညီညွတ်သွေးစည်းမှု၊ နိုင်ငံသူနိုင်ငံသားတို့ ကြီးပွားတိုးတက်မှု၊ ဉာဏ်အမြင် ပွင့်လင်းမှုတို့ ဖြစ်ပွားပေါ်ပေါက်စေရန် ကြိုးပမ်းဆောက်ရွက်ရမည့် တာဝန်ဝတ္တရားသည် မြန်မာတိုင်း မြန်မာတိုင်းတွင် တည်ရှိကျရောက် လာပေပြီ။

မြန်မာပြည်နှင့် မြန်မာတိုင်းရင်းသားတို့ ကောင်းစား ချမ်းသာရေးအတွက် ကိုယ်နိုင်ရာဝန်ကို ထမ်းကာ အဘက်ဘက်က ဆောင်ရွက်ကြရန် အချိန်တန်ပြီ ဖြစ်သည့်အလျောက် ကျွန်ုပ်တို့ ကလည်း တိုင်းပြည်အကျိုးရှိမည့် စာအုပ်စာတမ်းများ ထုတ်ဝေခြင်းဖြင့် တိုင်းပြည်၏ ဝန်ကိုဝိုင်းဝန်းကူညီ ထမ်းဆောင်ရန် အာသီသ ရှိပါသည် ။

ကြီးပွားတိုးတက်နေသော နိုင်ငံကြီးများ တွင် စာကောင်းပေကောင်းကို အထူးလေ့လာ ဖတ်ရှုကြ၏။ တိုင်းသူပြည်သားတို့ စာပေဖတ်ရှုမှုများ ပြားသည့်အတွက်လည်း ထိုတိုင်းပြည် ကြီးပွား တိုးတက်ရလေသည် ။

ထို့ကြောင့် စာပေနှင့် ကြီးပွားတိုးတက်ရေးကား တစ်ခုကိုတစ်ခု အမှီပြုကာ ဒွန်တွဲလျက်နေ ၏။ သို့ဖြစ်ခြင်းကြောင့် စာကောင်းပေမွန်ကို ဖတ်ခြင်းဖြင့် တိုင်းသူပြည်သားတို့ ကြီးပွားတိုးတက်စေ ရန် ရည်ရွယ်လျက် ဤ ‘ချမ်းသာရေးနည်းပြ’ကို ထုတ်ဝေဖြန့်ချီရခြင်းပင် ဖြစ်ပါကြောင်း

။

ထုတ်ဝေသူ

*

## ချမ်းသာရေးနည်းပြ

### တလူထဲရှိသောလူ

လူ၏ အဖြစ်ကို လွန်စွာရခဲ၏ ဟု ကျမ်းဂန်များကဆို၏။ ထိုစကားသည် ကျမ်းဂန်ထွက်ဖြစ်၍ မှန်ခြင်း မဟုတ်။ မှန်သောကြောင့် ကျမ်းဂန်ထဲတွင် ပါခြင်း ဖြစ်လေသည် ။

အကြောင်းမူကား ကျွန်ုပ်တို့ တွေ့မြင်နေရသမျှသော သက်ရှိ သတ္တဝါအပေါင်းတို့ တွင် လူလောက်မြင့်မြတ်သော သတ္တဝါအဘယ်မှာ ရှိပါသနည်း။ မျောက်ဝံလို သတ္တဝါက တိုးတက်အ တန်းမြင့် ကာ လူဖြစ်လာရသည် ဟု “ဒါဝင်” အစရှိသော အနောက်နိုင်ငံလောကဓာတ်ဆရာတို့က ဆိုကြ၏။ ထိုအယူသည် အကယ်၍ မှန်သည် ဖြစ်ညားအံ့။ လူတွေအတွက် စိတ်ပျက်ဖွယ်၊ ဝမ်းနည်းဖွယ်မဟုတ်။ စိတ်အားတက်ကြွဖွယ်သာဖြစ်ပေသည် ။ အကြောင်းမူကား မျောက်ဝံလို သတ္တဝါကပင်လျှက် တိုးတက်ထွန်းကားကာလူဖြစ်၍ လာသေးလျှင် လူစင်စစ်ဖြစ်နေကြသော ကျွန်ုပ်တို့ သည် “လူပေါ် လူဇော်လုပ်ကာ” အဘယ်ကြောင့် “လူ့တက်လူ” မဖြစ်ဘဲ နေပါအံ့နည်း။

ကျွန်ုပ်တို့ ၏ မျက်မြင်လောကတွင် လူဟူသော သတ္တဝါလောက် မြင့်မြတ်တိုးတက်နေသော သတ္တဝါ မရှိချေ။ “ကုန်းနေကိုးကုဋေ၊ ရေနေဆယ်ကုဋေ” ဟု တိရစ္ဆာန်သတ္တဝါ၏ အမျိုးပေါင်း အရေ အတွက်ကို ကျမ်းဂန်တွင် ပါ၏။ တိရစ္ဆာန် တစ်မျိုးမျိုး၏ အရေအတွက်မှာ လည်း တွ

က်ရေ မှန်းဆ ဂဏန်းချ၍ မဖြစ်နိုင်အောင် များ ပြားလှ၏။

ဥပမာပြရလျှင် တစ်အိမ်ထောင်လျှင် အိမ်သူအိမ်သားလူပေါင်း ၅ ယောက်မျှ ရှိသည် ဖြစ်အံ့။ ထိုအိမ်တွင် ရှိသော ခွေး၊ ဝက်၊ ကြက်၊ ငှက်၊ ကြွက်နှင့် အိမ်မြှောင်၊ ကြမ်းပိုး၊ သန်း၊ ခြ၊ ပုရွက်စသော ပိုးကောင်တို့ သည် မရေတွက်နိုင်အောင် ရှိသည် မဟုတ်ပါလော။

တစ်နည်းအားဖြင့်ဆိုလျှင် လောကတွင် ရှိသည့် မြင်ကောင်းသော သတ္တဝါ၊ မမြင်ကောင်း သော သတ္တဝါ အတိုင်းမသိ မြောက်မြားစွာထဲတွင် လူဟူသော သတ္တဝါသည် အရေအတွက်အားဖြင့် လွန်စွာနည်းပါးလှ လေရာ ဆာဟာရ သဲကန္တာရထဲတွင် တစ်လုံးတည်းရှိသည့် စိန်ကျောက် ရတနာနှင့် မတူပါလော။ ထို့ကြောင့် ကမ္ဘာပေါ်တွင် လူနှင့်တူသော သတ္တဝါမရှိ။ လူသည် သာလျှင် တစ်လူထဲရှိ သောလူ ဖြစ်လေသည် ။

## လိုတရတဲ့ ဘဝ

လူသည် အရေအတွက်အားဖြင့်သာ ရှားပါးသည် မဟုတ်။ အရည်အချင်း၊ ဉာဏ်ရည်ဉာဏ် သွား၊ ဦးနှောက်ကို စေစားလျက် စဉ်းစားဆင်ခြင်နိုင်သော သတ္တဝါထူး မျိုးလည်း ရှိလေရာ ထိုသတ္တဝါ တန်ခိုးမျိုးသည် လူမှတစ်ပါး ဘယ်သတ္တဝါတွင် မှ မရှိချေ။

တစ်လောကလုံးတွင် လူသည် တန်ခိုးသတ္တိအကြီးဆုံး ဖြစ်၏။ စဉ်းစားဉာဏ် အထက်သန် ဆုံး ဖြစ်၏။တီထွင်လုပ်ကိုင်နိုင်သော စွမ်းရည်သတ္တိ အရှိဆုံး ဖြစ်၏။ ထိုကဲ့သို့ တန်ခိုးရှိန်စော်အာ နုဘော်တွေနှင့် ပြည့်စုံသော ထူးမြတ်သည့် လူ့ဘဝကို ရောက်လာရရှိပါလျက် အဘယ်ကြောင့် စိတ်ငယ်အားလျော့ခြင်း ရှိရမည်နည်း။ အဘယ်ကြောင့် ပူပင်ကြောင့်ကြစိတ် ပေါ်ရမည်နည်း။ အဘယ်ကြောင့် ကြောက်ဆုတ်ကြောက်ဆုတ်နှင့် မလုပ်ဝံ့ မကိုင်ဝံ့ ဖြစ်ရမည်နည်း။ လောကတွင် တုဖ

က်ကင်းမြောက် တစ်ယောက်တည်း တစ်မျိုးတည်းသာ ရှိသော လူအဖြစ်သို့ ရောက်လာရခြင်းသည် အင်မတန်မွန်မြတ်သော ဆုထူးကြီးကို ရခြင်းပင် ဖြစ်ရာထိုလူ့ ဘဝ ဆေးတန်ခိုးကြောင့် မြေလျှိုးမိုးပျံ ကမ္ဘာကို ကျွမ်းသဒ္ဒါလန်အောင် စီမံဖန်တီး နိုင်သောအဖြစ် မျိုးသို့ ရောက်ပါလျက် အဘယ်ကြောင့် စိတ်ပျက်အားငယ်၍ နေရမည်နည်း။

"ငါပဟဲ့ ယောက်ျား အရတော်စွ၊ လူ့ဘဝကို ရောက်ရသည့် အခါ၊ လိုရာရ၊ တတာရောက်၊ ထွန်းပေါက်မယ့် ယောက်ျား၊ ငါတကား" ဟူသော ဂါထာကို နာနာကြီး ရွတ်ဖက်မန်းမှုတ်လျက် လူ့ တန်ခိုး ဣဒ္ဓိပတ်ဖြင့် မြင့်မြတ်ထူးချွန်သော အခြေအနေသို့ ရောက်ရန် ကြံစည်စိုင်းပြင်းနိုင်သည် မဟုတ်ပါလား။

## လွတ်လပ်သောအဖြစ်

ငင်းပြင် လူမှန်သမျှ တရားသဖြင့် ရသင့်ရထိုက်သော အခွင့်အရေးတွေ ရလျက်ရှိ၏။ ရှေးပဝေသဏီအခါ လူရိုင်းသာသာခေတ်က လူတွေသည် တိရစ္ဆာန် အရိုင်းအစိုင်းများ ပမာ နိုင်ရာ စားနိုင်သလို ကျင့်လျက် အင်အားဗလကောင်းသူကို ကြောက်ရွံ့ ထိတ်လန့် နေကြရ၏။ ယခု ယဉ်ကျေးသောခေတ်တွင် ဤကဲ့သို့ မတရား ကြောက်ရွံ့နေဖွယ် မလို။ တရားသဖြင့် ရသင့်ရထိုက် သော လူ့အခွင့်အရေးကို ယူတတ်လျှင် ရနိုင်လေသည် ။

ယခုခေတ်တွင် အစေ့သမားတွေ အနည်းအကျဉ်း ရှိသော်လည်း ထိုအစေ့မှုသည် လူ၏ ကျင့်ဝတ် မဟုတ်ကြောင်းကို လူတိုင်းလိုလိုသိကြ၊ စက်ဆုတ်ကြ၊ ရွံ့မုန်းကြလေရာ အစေ့သမားတို့ သည် တစ်နေ့နေ့တွင် တုံးအောက်ကဖား ဖြစ်ကြရမြဲ ဖြစ်လေသည် ။

ထို့ကြောင့် ယခုခေတ်တွင် တရားမဲ့ အစေ့သမားတွေကို အစဉ်အမြဲ

ကြောက်နေဖွယ် မလိုပေ။ အကြောင်းမသင့် အခွင့်မသာသည့်အခါ ခေတ္တမျှ အဓမ္မကျင့်ခြင်း ခံရမည်ဖြစ်သော်လည်း တရားမှန် ကို သိသော လူများ စု၏ ဆန္ဒအလျောက် တစ်နေ့နေ့တွင် အဓမ္မစက်ကွင်းက လွတ်ကင်းရမည်မှာ လူ့လောက၏ ဓမ္မတာ ဖြစ်ချေသည် ။

လူသည် တရားတာကို လုပ်၏။ တရားခြင်းကို နှစ်သက်၏။ ထို့ကြောင့် မတရားမှုသည် တာရှည်မခံ၊ ပျောက်ပျက်ကုန်ဆုံးရမည်သာတည်း။ ထို့ကြောင့် လူ့ကျင့်ဝတ်နှင့်ညီအောင် ကျင့်ကြံရန် မှာ တရားသဖြင့် ဆောင်ရွက်ခြင်း ဖြစ်လေသည် ။

ၚင်းပြင် လွတ်လပ်စွာနေရခြင်း၏ တန်ဖိုးကို ဆင်ခြင်သုံးသပ် သတိပြုရမည်။ ထောင်တန်း နှောင်အိမ် ကျနေသူသည် လွန်စွာကျဉ်းကျပ် စိတ်ညစ်လျက် ထောင်တန်းမှ လွတ်မြောက်လျှင် အတိုင်းမသိသော ဝမ်းမြောက်ရွှင်မြူးဖွယ်ဟု ထင်ကြ၏။ ယခု လွတ်မြောက်နေသော သူများသည် ထိုအရသာ ထိုသုခမျိုး ရရှိခံစားနေရသည် မဟုတ်ပါလော။ မကျန်းမမာ ရောဂါဥပါဒ် ကပ်နေသူ သည် တစ်နာရီ တစ်မိနစ်မျှ ကျန်းမာမှုကို ရပါလျှင် အဖိုးမဖြတ်နိုင်သော ရတနာကို ရသကဲ့သို့ အောက်မေ့မှတ်ထင် ပေလိမ့်မည်။ ကျန်းမာနေသူများ သည် ထိုရတနာကို လက်ထဲတွင် ဆုပ်ကိုင်နေရ သည် မဟုတ်ပါလော။ ဆွေမျိုးသားချင်း အပေါင်းအသင်းတို့ နှင့်ကွဲကာ သံကန္တာရထဲ ရောက်နေသူသည် အဘယ်မျှ စိတ်ညစ်စိတ်ရှုပ် ရှာမည်နည်း။သံကန္တာရမှ လွတ်မြောက် လျှင် အဘယ်မျှ ဝမ်းသာပျော်မွေ့မည်နည်း။ ကိုယ့်အိုးကိုယ့်အိမ်တွင် ချမ်းသာပျော်မွေ့စွာ နေရသူများ သည် သံကန္တာရမှ လွတ်မြောက်သူ၏ အရသာမျိုး ရရှိခံစားနေရသည် မဟုတ်ပါလော။

ထို့ကြောင့် “ငါကျန်းမာတယ်၊ ငါလွတ်လပ်တယ်၊ ငါ့ဆွေ၊ ငါ့မျိုး၊ ငါ့

အိုးအိမ်တွင် ပျော်မွေ့စွာ နေနိုင်တယ်” ဟူသော ထူးခြားသည့် ဘဝထူးကို တွေးတောဆင်ခြင်ကာ စိတ်လေးစိတ်အိုက်ဖြစ်မနေ ဘဲ ကြီးပွားတိုးတက်ချမ်းသာရန် ကြံဆောင်ကြိုးစားဖို့ အရေးအခွင့် ကြုံနေသည် ကို ဆင်ခြင်စွဲပိုက် သင့်သည် မဟုတ်ပါလော။

## လူ၏ အနန္တတန်ခိုးတော်

ငှင်းပြင်လူသည် တိရစ္ဆာန်နှင့်မတူဘဲ အကြံလည်း ကောင်း၏။ အပြောလည်း သာ၏။ အလုပ်မှာ လည်း ထူးခြားလေသည် ။ လူသည် တိရစ္ဆာန်နှင့် မတူသည့်အချက်မှာ ကြီးပွားတိုးတက် အထက်အထက်သို့ တစ်တက်တည်း တက်၍ နေခြင်း ဖြစ်လေသည် ။ နွားများ သည် ကမ္ဘာဦးကပင် မြက်သစ်ရွက်ကို စား၏။ ယခုလည်း ထိုနည်းလည်းကောင်းပင်၊ နောင်လည်း ထိုကဲ့သို့ပင် ဖြစ်ပေ လိမ့်မည်။ လူကား ထိုသို့မဟုတ်။ လူရိုင်းဘဝက သားစိမ်းငါးစိမ်းစား၏။ ထို့နောက် သားငါးကို ဖုတ်ကင်၍ စား၏။ ယခုမူကား ကြော်ချက်ပေါင်းနှပ် ထူးမြတ်အောင် စားကြသည့်ပြင် ခေတ်၏ အစာ ချီဇာချောကလက် ဘီစကစ်ကိတ် အချိုအဆိမ့်တို့ကို နှစ်သိမ့်စွာစားကြ၏။ နောင်သောအခါ ထိုထက်ပင် ကဲလွန်သာလျက် အဟာရသိဒ္ဓိ ပြီးသည့်ဆေးလုံးကလေးကို တစ်ခါမြို့ရုံနှင့် လပေါင်းနှစ်ပေါင်းများ စွာ အစာမစားဘဲ နေနိုင်သည့် ခေတ်မျိုးပင် ကြုံကောင်းကြုံပေလိမ့်မည်။

အစားအသောက်သာလျှင် တိုးတက်သည် မဟုတ်။ နေရေးထိုင်ရေး၊ သွားရေးလာရေးများ လည်း ခေတ်အလျောက် ထွန်းပေါက် သစ်ဆန်းကာ ရှေးက တစ်နှစ်သွားရသည့် ခရီးကို တစ်နာရီနှင့် ရောက်နိုင်၏။ တစ်နေရာတည်းက ထိုင်၍ ပြောသောစကားကို တစ်ကမ္ဘာလုံးက ချက်ချင်းကြားရ ၏။ မိုင်ပေါင်းထောင်သောင်းဝေးလံနေသည့် လူနှစ်ဦး

သည် တစ်ဦးကိုတစ်ဦးမြင်တွေ့နိုင်၏။

နောင်သောအခါ ဤထက်ပင် တိုးတက်သော တစ်ကမ္ဘာလုံးရှိသမျှ လူအပေါင်းသည် တစ်အိမ် သားတည်းပမာဖြစ်လျက် ခလုပ်ကလေး တစ်ချက်နှိပ်လိုက်ရုံနှင့် ကြော်ငြာချက်ပြီး ထမင်းပွဲ ရှေ့တော်သို့ ရောက်မည်မဟုတ်ဟု ဘယ်သူပြောနိုင်ပါအံ့နည်း။

ယခုပင်လျှင် တနလ်ာဂြိုလ် ဘိုးရွှေလ၏ ထံသို့ ကူးလူးဆက်ဆံရန် ကြံစည်စိုင်းပြင်း၍ နေကြ ပြီဖြစ်ရာ နောင်သောအခါ လမင်းထံသို့ သာမက စကြဝဠာ အနန္တတွင် ရှိသမျှ နက္ခတ်တာရာ၊ ဂြိုလ်တကာနှင့် ကမ္ဘာ အရပ်ရပ်သို့ တရစပ်ကူးလူးဆက်ဆံခြင်း မပြုနိုင်ဟု ဘယ်သူက ပြောနိုင်ပါအံ့ နည်း။

ဤကား လူ၏ အနန္တတန်ခိုးတော်ပင်ဖြစ်ရာ “လူလုပ်၍ မဖြစ်သော အရာသည် ဘာမျှမရှိ” ဟူ သော စကားပင်။ အဘိဓာန်တွင် ထည့်သွင်းကောင်း ထည့်သွင်းရပေလိမ့်မည်။

ထို့ကြောင့် “ငါသည် လွန်စွာ ဖြစ်ခဲရခဲသော လူ့အဖြစ်လူ့ဘဝကို ကံကောင်းထောက်မသဖြင့် ရောက်၍ လာရပါတကား။ လောကအလုံးတွင် လူနှင့်တူသော သတ္တဝါသည် လူသာလျှင်ရှိ၏။ လူ သည် တိရစ္ဆာန်သတ္တဝါတွေကို ကျွန်စေစားကာ ကစားစရာလုပ်နိုင်၏။ လူတွေကြံစည်တီထွင်ခြင်း အံ့ဖွယ်ဘနန်းထူးဆန်းသော အရာတွေပေါ်ပေါက်ခဲ့ပြီ။ နောင်ကိုလည်း ဤထက်ထူးဆန်းသော အရာတွေ ပေါ်ပေါက်မည်ကား မလွဲတည်း။ လူကြံ၍ မဟန်သောအရာသည် မရှိ။ လူလုပ်၍ မဖြစ်သော ကိစ္စမရှိနိုင်။ လူဆောင်လျှင် အောင်ရမည်။ လူလုပ်လျှင် အဟုတ်တကယ်ဖြစ်ရမည်။ ထိုကဲ့သို့ ထူးခြားမြင့်မြတ်သော သတ္တိဗျတ္တိတန်ခိုးတော်ရှိသည့် လူထဲတွင် ငါသည် တစ်ယောက်အပါ အဝင် ဖြစ်ပေသည် တကား” ဟု ဆ

င်ခြင်းသုံးသပ် နှလုံးသွင်းကာ ဘာဝနာပွားခြင်းဖြင့် တန်ခိုး ကြွဒ္ဓိပါဒ် ကြီးသောဆန္ဒ စိတ်ဓာတ်များ တဖွားဖွား ပေါ်အောင် လှုံ့ဆော် တိုက်တွန်း ပေးရမည်။

*